**“အသိပေးကြေညာချက်”**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်

၁။ ပို့ကုန်သွင်းကုန်ဥပဒေ၊ အခန်း (၄) တွင် တားမြစ်ချက်များအဖြစ် အောက်ဖော်ပြပါ ပုဒ်မများဖြင့် ဖော်ပြထားရှိပါသည်-

ပုဒ်မ ၅။ “မည်သူမျှ ကန့်သတ်တားမြစ် ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းမပြုရ”။

ပုဒ်မ ၆။ “မည်သူမျှ ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း မပြုရ”။

ပုဒ်မ ၇။ “မည်သည့်ခွင့်ပြုချက်ရရှိသူမျှ ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မပြုရ”။

၂။ အဆိုပါတားမြစ်ချက်များကိုဖောက်ဖျက်ပါက အခန်း(၅)တွင် ပြစ်မှုပြစ်ဒဏ်များအဖြစ် အောက်ဖော်ပြပါပုဒ်မများဖြင့် ဖော်ပြထားရှိပါသည်-

ပုဒ်မ ၈။ မည်သူမဆို ပုဒ်မ ၅ သို့မဟုတ် ပုဒ်မ ၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၉။ မည်သည့်ခွင့်ပြုချက်ရရှိသူမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ် ၁၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်သူ သို့မဟုတ် အားပေးကူညီသူအား ယင်းပြစ်မှုကို ကျူးလွန်သူဖြစ်ဘိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ရမည့်ပြင် ပြစ်မှုကျူးလွန်ရာ၌ အကျုံးဝင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃။ သို့ဖြစ်ပါ၍ ပင်လယ်ရေကြောင်းမှ ဖြစ်စေ၊ နယ်စပ်လမ်းကြောင်းမှ ဖြစ်စေ၊ လေကြောင်းမှဖြစ်စေ ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်းတို့ကို ပို့ကုန်သွင်းကုန် လိုင်စင်/ပါမစ်ရရှိပြီးမှသာ တင်ပို့တင်သွင်းကြရန်ဖြစ်ကြောင်းနှင့် ပို့ကုန်သွင်းကုန် ဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်ပါဆောင်ရွက်ခြင်းမရှိပါက အထက်အပိုဒ် ၂ ပါ ပြစ်မှုပြစ်ဒဏ်များ ချမှတ်ခြင်းခံရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန